

The True Conqueror
Heather Bell
(Chapter - 5)

## အပိုင်း(၄၁)

လင်းမိုသည် သူ၏ ကတိအတိုင်း ညီလာခံကို လီချန်းယုံ၏ အစား နှစ်ပတ်တိတိ တက်ရောက် ပေးခဲ့ လေသည်။ အမတ်တို့ အတွက်ကား နှစ်ပတ်တာမျှ အိပ်မက် ဆိုးပေ။ လင်းမိုသည် ညီလာခံကို နေ့တစ်ပိုင်း ကျော်သည်အထိ အချိန်ယူ တတ်ပြီး ရှိရှိသမျှ အမှုကိစ္စတို့ကို ဖြေရှင်း လေသည်။ လင်းမို၏ ရည်ရွယ်ချက်ကား အလွန် ရှင်းလင်းပါသည်။ သူအလုပ်လုပ်လေ လီချန်းယုံ အနားရလေ ဆိုသည်ကို နားလည် ထားသောကြောင့် ဖြစ်သည်။

အမတ်တို့မှာကား စည်းကမ်းကြီးပြီး တင်းကြပ်သော အိမ်ရှေ့စံထက်ပို၍ဆိုးသည့် ဆီလျော်မှု မရှိသော တောင်ပိုင်း ဘုရင်ကြီးကြောင့် များစွာ ညည်းတွား ကြသည်။ သူတို့ အတွက် တစ်နေ့တစ်နေ့ မနိုင်မနင်း တာဝန်တို့က စောင့်ကြို နေကြသည်။

လင်းမို ညီလာခံ တက်သည်ကို ဘုရင်ကြီးလီသည် ယခင်ကလို ကန့်ကွက်ခြင်း မရှိပေ။ ဆိတ်ဆိတ်သာနေပြီး မသိကျိုးကျွံ ပြုနေသည်။ သို့ဖြစ်ရာ အမတ်တို့ မှာကား အမိမဲ့သည့် ရေနည်း ငါးများ ကဲ့သို့ ကူကယ်ရာ မဲ့နေကြသည်။

ယနေ့ ညီလာခံတွင် ကံကောင်း ထောက်မစွာဖြင့် လင်းမိုသည် နောက်ရက်တွင် လီချန်းယုံပဲ ညီလာခံ တက်ရောက်မည် ဖြစ်ကြောင်း ပြောလေသည်။ အမတ်တို့မှာ စိတ်သက်သာရာ ရပြီး သက်ပြင်း မချနိုင်ခင် လင်းမိုဆီက စကားသံ တစ်ခု ကြားလိုက်ရ ပြန်သည်။

"ကိုယ်တော် ... ဒီနေ့မှာ တတ်နိုင်သလောက် အလုပ်တွေ ပြီးသွား ချင်

တယ်။ ခါတိုင်းထက် အချိန်ပိုယူလည်း အမတ်တို့ ကိစ္စ မရှိဘူး မလား"

"... ..."

ဤသို့ အာဏာစက် ပြင်းလှသော ဘုရင်ကို အမတ်တို့ အနေဖြင့် ခွန်းတုံ့ပြန်စရာ အကြောင်း မရှိပါ။ ခါတိုင်း ညီလာခံသည် ပင်လျှင် နေ့တစ်ဝက်မျှ ဖြစ်နေရာ ယခု ထိုထက် အချိန် ပိုယူလျှင် ... အမတ်တို့ ရှေ့ဆက် မတွေးချင်တော့ပါ။

လင်းမိုသည် သူပြောသည့် စကားကို မသွေမတိမ်း အတိအကျ လုပ်တတ်သော ဘုရင်ဖြစ်ကြောင်း အကြိမ်ကြိမ် သက်သေပြပြီး ဖြစ်သည်။ ယခုလည်း နောက်တစ်ကြိမ် သက်သေ ပြနေ ပြန်သည်။

နေ့မွန်းတည့်ချိန် အထိ လင်းမို၏ ညီလာခံက မပြီးသေးချေ။ သူက လက်အောက်ခံ အိမ်တော် တစ်ခုချင်းစီ၏ တောင်းဆိုသည့် အမှုကိစ္စ အဝဝကို စိစစ်ပြီး အမိန့်ချ နေသည်။ လာရောက် လျှောက်တင် ကြသော လက်အောက်ခံ အိမ်တော် အကြီးအကဲတို့မှာ ကိစ္စပြီးလျှင် ပြန်နိုင်သော်လည်း အမတ်တို့ ခမျာ တုပ်တုပ်မျှ မလှုပ်နိုင်ပေ။ ဒီကြားထဲ ကိစ္စတစ်ခု ပြီးတိုင်း လင်းမို ပေးအပ်သည့် တာဝန်များကိုလည်း လက်ခံ ယူရလေသည်။

အိမ်ရှေ့စံ အဆောင်တွင် လီချန်းယုံသည် နေ့လည်စာ သုံးဆောင်ရန် အစေခံတို့ကို မှာကြားပြီး ဖြစ်၍ စောင့်ဆိုင်း နေသည်။ မကြာမီ အစေခံတို့က စားဖွယ် အမျိုးမျိုးကို လာရောက် ချပေးလေသည်။

လီချန်းယုံက ကြီးမားသော စားပွဲဝိုင်းမှ အစားအသောက် တို့ကို ကြည့်ပြီး လွန်စွာ ကျေနပ် နှစ်သိမ့် နေလေသည်။ အကုန်လုံးက သူကြိုက်သော ဟင်းလျာ များပင်။ မြောက်ပိုင်း၏ အထူး ဟင်းလျာ ဖြစ်သည့် နူးအိနေအောင် ပေါင်းထားသော ငါးပေါင်း၊ အငွေ့တထောင်းထောင်းဖြင့် မွှေးကြိုင်

နေသော ဖက်ထုပ်ပေါင်း၊ အရံဟင်းအဖြစ် ချက်ပြုတ်ထားသည့် ဟင်းအမယ်များ၊ နောက်ထပ် လီချန်းယုံပင် အမျိုးအမည် မသိသည့် ဟင်းလျာများပင် ပါသေးသည်။ အမျိုးအမည် မသိရခြင်းက လီချန်းယုံ အတွက် ပြဿနာမရှိ သူအကုန် စားလေသည်။ ထိုစားပွဲဝိုင်းကြီး ဘေးတွင် နေရာယူထားသည်က နေ့လယ်စာ စားပြီးနောက် သုံးဆောင်နိုင်မည့် အချိုပွဲ ဟင်းလျာများ။

လီချန်းယုံမှာ သူ၏ မျက်နှာက အပြုံးတို့ကို ဖုံးဖိ မရနိုင်တော့ပေ။ ကနဦးက သူသိပ် ဗိုက်မဆာ သေးသောကြောင့် နောက်ကျမှ ပြင်ခိုင်း လိုက်သော်လည်း ယခု မျက်စိရှေ့က အစားအသောက်တို့ကို ကြည့်ပြီး ဗိုက်ဆာလာလေသည်။ ဝမ်းဗိုက်က တကြုတ်ကြုတ်ပင် မြည်မတတ် ဖြစ်လာသည်။ သူက ခုံတွင် ထိုင်ချ လိုက်ပြီး အနီးဆုံး ဟင်းလျာ တစ်ခုကို မြည်းစမ်း ကြည့်လိုက်သည်။ မပေါ့လွန်း၊ မငန်လွန်းဘဲ ဆိမ့်သော အရသာဖြင့် အသား ဖတ်လေးမှာ သူ၏ပါးစပ်ထဲ၌ ပျော်ဝင် သွားလေသည်။ ထူးကဲသော အရသာကြောင့် လီချန်းယုံ၏ အပြုံးမှာ ပိုမို ထင်ရှား သွားလေသည်။

သူထိုင်နေစဉ် အစေခံမလေး တစ်ယောက်က မျက်နှာချင်းဆိုင်တွင် ထမင်း ပန်ကန်လုံး တစ်ခုနှင့် တူတစ်စုံ လာချ ပေးသည်။ လီချန်းယုံက ဘာလဲ ဟူသော အကြည့်ဖြင့် ကြည့်လိုက်ရာ အစေခံမလေးမှာ နားမလည်နိုင်ဟန် ဖြစ်သွားဟန် တူသည်။

"အိမ်ရှေ့စံ ... ဟို ... ဟို တောင်ပိုင်း ဘုရင်ကြီးနဲ့အတူ သုံးဆောင်မှာ မဟုတ်ဘူးလား"

အစေခံမလေးက စိုးရွံ့စွာဖြင့် ထစ်ထစ်ငေါ့ငေါ့ လျှောက်တင် လေသည်။

"... ..."

လီချန်းယုံ ကိုယ့်နဖူးကို ရိုက်ချ လိုက်သည်။

သူမေ့နေသည်။ သူအနီ တောင်ပိုင်း ဘုရင်ကြီးကို မေ့လျော့ပြီး နေ့လယ်စာကို တစ်ယောက်တည်း သုံးဆောင်ရန် စိတ်ကူးနေခြင်း ဖြစ်သည်။ အစေခံမလေးသာ မပြောရင် လီချန်းယုံ လင်းမိုကို တကယ် မေ့ နေတော့မည် ဖြစ်သည်။ သူ့အတွက် အစားအသောက်က ထိုမျှ ဆွဲဆောင် အား ကောင်းသည်။

အချိန်က နေ့မွန်းတည့်ပင် ကျော်နေပြီ။ ညီလာခံ သွားတက်သော လင်းမို သည် အခုထိ ပြန်မလာသေး။ ထို့ကြောင့် လီချန်းယုံသည် စားပွဲရှေ့က ထ ပြီး လင်းမိုကို သွားခေါ်ရန် ပြင်ရတော့သည်။ တစ်ယောက်ယောက်ကို ခေါ် ခိုင်းပါက လင်းမို ချက်ချင်း မလာမည် စိုးသောကြောင့် ဖြစ်သည်။

ညီလာခံတွင် ပင်ပန်း နွမ်းနယ်စွာ အချိန် တရွေ့ရွေ့ကို ဖြတ်သန်း နေရ သော အမတ်တို့မှာ ညီလာခံ တံခါး ကျွီခနဲ မြည်အောင် ဖွင့်လိုက်သံကြောင့် လန့်ဖျပ် သွားကြလေသည်။ သူတို့ ကြည့်လိုက်သောအခါ ကြီးစွာသော အိ န္ဒြေ၊ တည်ငြိမ်သော ခြေလှမ်းတို့ဖြင့် လှမ်းဝင်လာသော အိမ်ရှေ့စံကို တွေ့လိုက် ရသည်။

အမတ်များသာမက လင်းမိုပါ ညီလာခံ ခန်းမတွင်းသို့ မဆိုက်မရောက် ဝင်လာသော လီချန်းယုံကို ကြည့်ပြီး အံ့ဩ သွားလေသည်။ အမတ်တို့က လီချန်းယုံကို တည်ငြိမ်သော ခြေလှမ်းတို့ဖြင့် ဝင်လာသည်ဟု ထင်မြင် သော်လည်း လင်းမိုမှာ အကြည့် တစ်ချက်ဖြင့် ဝံပုလွေဖြူလေး အလျင်လို နေမှန်း သိလိုက် ပေသည်။ လီချန်းယုံ၏ ခြေလှမ်းတို့က မသိမသာ မြန် နေသည်။

လီချန်းယုံသည် အမတ်တို့ကို ပြုံးပြပြီး လင်းမိုရှိရာ ပလ္လင်သို့သာ ဦးတည် သွားလေသည်။ အမတ်တို့လည်း နားလည် လိုက်လေသည်။ သူတို့၏ အိမ် ရှေ့စံသည် ဒီတစ်ခေါက် ညီလာခံ ခန်းမကို မြောက်ပိုင်း အိမ်ရှေ့စံ အဖြစ်

ဝင်လာခြင်း မဟုတ်။ တောင်ပိုင်း ဘုရင်ကြီးနှင့် ထူးခြားသော ဆက်ဆံရေး ရှိသူ အနေဖြင့် လာခြင်း ဖြစ်သည်။

အမတ်တို့မှာ အိမ်ရှေ့စံနှင့် တောင်ပိုင်း ဘုရင်ကြီး၏ ဆက်ဆံရေးကို စိတ်ဝင်စားသူများ ပီပီ မျက်တောင် မခတ်တမ်း အကဲခတ် နေကြသည်။ ထို့ကြောင့် ညီလာခံ တစ်ခုလုံးက အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ် နေသည်။

လီချန်းယုံ အနားသို့ ရောက်လာသော အခါ လင်းမိုက တိုးညင်းစွာ ပြော လိုက်သည်။

"အားယုံလေး ... ကိုယ်တော့်ဆီ ဘာလို့ လာတာလဲ"

လင်းမို၏ အသံမှာ တိုးသည် မှန်သော်လည်း တိတ်ဆိတ်နေသော ညီလာခံတွင် အမတ်တို့မှာ ရှင်းရှင်းလင်းလင်း ကြားလိုက် ရလေသည်။ သူ တို့၏ မျက်ဝန်း အစုံတို့ ပြူးကျယ် သွားပြီး အိပ်ငိုက်နေသော အမတ်အချို့ ပင် နိုးကြား သွားကြလေသည်။

တောင်ပိုင်း ဘုရင်ကြီးက သူတို့ ဖိတ်ဖိတ်တုန်အောင် ကြောက်ချစ် ရိုသေ ရသည့် မြောက်ပိုင်း အိမ်ရှေ့စံကို သုံးသည့် နာမ်စားက "အားယုံလေး" တဲ့ လား။

လင်းမိုဆီက ထွက်လာသော နောက်ထပ် စကားသံ တိုးတိုးကြောင့် အမတ်တို့ သွေးအန်ချင်စိတ်ပါ ပေါက်သွားသည်။

"ကိုယ်တော့်ကို သတိရလို့ လာတာလား ..."

သို့သော် သူတို့ခမျာ ဝတ္တရား ရှိသည့် အတိုင်း မမြင်၊ မကြား ဟန်သာ ဆောင်နေရသည်။

လီချန်းယုံ၏ နှုတ်ခမ်းက မသိမသာ စူပုပ် နေသည်။ သူက ဝမ်းမိုက်ကို

မသိမသာ လက်ညှိုးထိုးပြပြီး လင်းမိုကို အပြင်သို့ ထွက်ခဲ့ရန် မျက်ရိပ် ပြလိုက်သည်။ အိမ်ရှေ့စံက ကျောပေး ထားသောကြောင့် အမတ်တို့မှာ မမြင်နိုင်ပေ။ လင်းမို၏ မျက်နှာ အမူအရာကိုသာ မြင်လိုက် ရပြီးနောက် သူ၏ ဩဇာ အပြည့်ပါသော အသံကိုသာ ကြားလိုက်ရသည်။

"ဝန်မင်းတို့လည်း ပင်ပန်းနေပြီ ထင်တယ်။ ကိုယ်တော် ညီလာခံကို ဒီလောက်နဲ့ ရပ်လိုက်မယ်"

ပြောပြီး လင်းမိုက ခန်းမ အပြင်သို့ ကြွသွားလေသည်။ အိမ်ရှေ့စံက သူ့နောက်က ထက်ကြပ် မကွာ လိုက်သွား လေသည်။

အမတ်တို့မှာ ကယ်တင်ရှင် အိမ်ရှေ့စံကို စိတ်ထဲမှ အကြိမ်ကြိမ် ဦးညွတ်ပြီး လေးစား မိတော့သည်။ ဆယ်ကျော်သက် အရွယ်ကတည်းက မြောက်ပိုင်းကို အုပ်ချုပ်ခဲ့သော အိမ်ရှေ့စံ၊ နှင်းတောင်သွေးဖြူ ဝံပုလွေ စောင့်ရှောက်ခံ အိမ်ရှေ့စံ စသော အရည်အချင်း တို့အပြင် အိမ်ရှေ့စံ၏ နောက်ထပ် ထူးခြားသော အရည်အချင်းကိုလည်း သိလိုက် ရလေသည်။

အိမ်ရှေ့စံက တောင်ပိုင်း ဘုရင်ကြီးကို စကားပြောစရာပင် မလိုပဲ အမိန့်ပေးနိုင်လေသည်

အမတ်တို့ မသိလိုက်သည့် အကြောင်းကား သူတို့ ညီလာခံကို ချက်ချင်း ရပ်ဆိုင်းလိုက်သည့် အကြောင်းရင်းသည် အိမ်ရှေ့စံ ဗိုက်ဆာနေသောကြောင့် ဆိုတာ ဖြစ်သည်။

ညီလာခံ ခန်းမ အပြင်သို့ ရောက်သောအခါ လီချန်းယုံက စိတ်မရှည်စွာ လင်းမို၏ လက်ကို ဆွဲခေါ် လာလေသည်။ လင်းမိုသည်လည်း ဗိုက်ဆာလေလေ စိတ်တိုလေလေ ဖြစ်လာသော လီချန်းယုံ၏ ဝသီကို နားလည် ထားသောကြောင့် အသာတကြည် လိုက်လာလေသည်။

အိမ်ရှေ့စံ အဆောင်သို့ ရောက်ပြီး စားပွဲရှေ့ ထိုင်လိုက်မှ လီချန်းယုံ၏ မျက်နှာ ပြန်ပြုံး လာလေသည်။

"ရပြီ ... စားတော့ ..."

လင်းမိုလည်း ထွေထွေထူးထူး မပြောတော့ဘဲ စတင် သုံးဆောင် လေသည်။ သူတကယ် စားနေသည်ထက် လီချန်းယုံ အတွက် လုပ်ပေးနေသည်က ပိုများ လေသည်။ စားပွဲဝိုင်း တစ်ခုလုံးက ဟင်းလျာတို့ကို လီချန်းယုံ ခပ်ထည့်နေရမည် စိုးသောကြောင့် သူကိုယ်တိုင် ခပ်ထည့် ပေးနေခြင်း ဖြစ်သည်။

ထိုစဉ် သူက ဟင်းလျာ တစ်မျိုးက အနည်းငယ် ပုံပျက် နေသည်ကို သတိထား မိလိုက်သည်။ လင်းမိုက မဆိုင်းမတွပင် ထိုဟင်းလျာပွဲတို့ကို စီမံသည့် အစေခံကို ခေါ်ခိုင်း လိုက်သည်။ လီချန်းယုံက လင်းမို အဘယ့်ကြောင့် အစေခံကို ခေါ်ခိုင်းမှန်း မသိသောကြောင့် ဘာမှ မပြောပေ။

အစေခံ ရောက်လာသော အခါ လင်းမိုက မေးလိုက်သည်။

"ဒီဟင်းလျာက ဘာလို့ ပုံပျက် နေရတာလဲ"

လင်းမို၏ ခက်ထန်သော လေသံကြောင့် အစေခံမလေးမှာ ကြောက်ရွံ့ပြီး ဒူးထောက် လိုက်လေသည်။ လင်းမို၏ အမေးကြောင့် ငါးပေါင်းဆီကို လှမ်းမည့် လက်တို့ တွန့်သွား လေသည်။

အစေခံလေးက ကြောက်ရွံ့သောကြောင့် တုန်ယင် နေလေသည်။

"အရှင် ... စိတ်မဆိုးပါနဲ့။ အဲဒီ ဟင်းလျာက အစက ပုံမပျက်ပါဘူး။ အိမ်ရှေ့စံက အရှင်လာမှာကို မေ့ပြီး မြည်းစမ်း မိတာပါ။ ထပ်ပြီး အသစ် ပြင်နေရင် ကြာနေမှာ မလို့ ... အိမ်ရှေ့စံကလည်း သုံးဆောင် ချင်နေပြီ မလို့ပါ။ ချမ်းသာပေးပါ"

လင်းမို၏ နားထဲတွင် အစေခံမလေး၏ စကား တစ်ခွန်းသာ စွဲမြဲနေသည်။

အရှင်လာမှာကို မေ့ပြီး ... လင်းမို ကြည့်လိုက်သောအခါ သူ့ကို မချိုမချဉ် ပြုံးပြနေသော လီချန်းယုံကို တွေ့လိုက် ရသည်။

"ချန်းယုံ ... မင်းငါ့ကို မေ့တယ်ပေါ့"

"ဗိုက်ဆာနေလို့ပါ။ မင်းကလည်း ကြာနေတာကို"

လီချန်းယုံက သူ့အပြစ်က လွတ်ရန် ဆင်ခြေ ပေးသည်။

"မဟုတ်ဘူး ... မင်းက မစောင့်နိုင်တော့လို့ စားမိတာတောင် မဟုတ်ဘဲ ငါတစ်ယောက်လုံးကို မေ့ပြီးတော့ ..."

လင်းမိုမှာ ဒေါသ ထွက်သွားဟန်ဖြင့် သူ့အသံက ခတ်ဆတ်ဆတ် ဖြစ်နေသည်။ လီချန်းယုံက ဘာမှ မပြောပေ။ သူတကယ် မေ့သွားသည်လေ။

"ဖြောက် ..."

"အား ..."

ပထမ အသံသည် လင်းမိုက နဖူးကို တောက်လိုက်သော အသံဖြစ်ပြီး နောက်အသံမှာ လီချန်းယုံဆီက အော်သံ ဖြစ်သည်။

ပူထူသွားသော နဖူးပြင်သည် ချက်ချင်း ရဲတက် သွားသည်။ လင်းမိုက အားပြင်းပြင်းဖြင့် တောက်ချ လိုက်သောကြောင့် လီချန်းယုံမှာ မျက်ရည်ပင် ဝဲသွားသည်။

"မင်းငါ့ကို လက်ပါတယ် ..."

လီချန်းယုံက သူ့နဖူးကို ပွတ်သပ်ပြီး မကျေမချမ်း ဆိုသည်။

"ငါတစ်ယောက်လုံးကို မေ့တာကရော ... နောက်တစ်ခါ ဒီထက် နာမယ် ... နောက်တစ်ခါ မေ့ဦးမှာလား"

လင်းမိုက လေသံ မာမာဖြင့် ပြန်မေးလေသည်။ လီချန်းယုံက မျက်နှာငယ်လေးဖြင့် ခေါင်းယမ်း ပြသည်။

"ပါးစပ်က ဖြေ ..."

"မမေ့တော့ဘူးလို့ ..."

"ပြီးတာပဲ မဝသေးဘူးမလား စားဦး"

ပြောရင်း လင်းမိုက လီချန်းယုံ လှမ်းနေသော ငါးပေါင်း ဟင်းလျာကို ရှေ့တိုး ပေးလေသည်။ အစက လင်းမိုကို စိတ်ဆိုးသောကြောင့် တူပစ်ချထားသော လီချန်းယုံမှာ ငါးပေါင်းက ရှေ့ရောက် လာသောကြောင့် တူကို ပြန်ကိုင်ပြီး စားလေတော့သည်။

ညနေ ရောက်သောအခါ လင်းမိုဆီသို့ တောင်ပိုင်းက ဆက်သထားသော စာတစ်စောင် ရောက်လာသည်။ ထိုစာမှာ အမတ်ကြီးဆီက စာဖြစ်ပြီး လင်းမိုကို ပြန်လာရန် လျှောက်တင်ထားခြင်း ဖြစ်သည်။

တောင်ပိုင်းဘုရင်ကြီး တောင်ပိုင်းသို့ ပြန်ရ ပေတော့မည်။ လင်းမိုက ထိုအကြောင်း ပြောပြသော အခါ လီချန်းယုံ၏ အမူအရာက များစွာ ပြောင်းလဲမှု မရှိပေ။

"အဲဒီမှာ နန်းမြို့ ပြောင်းရွှေ့ဖို့ လိုအပ်တာတွေ လုပ်ပြီးရင် ပြန်လာမယ်မလား"

လီချန်းယုံ၏ မေးခွန်းကို လင်းမိုက ခေါင်းညိတ် ပြီး ဖြေသည်။

"ငါ မလိုက်တော့ဘူး ..."

လီချန်းယုံဆီက ထပ်ထွက်လာသော စကားသံကို ခေါင်းညိတ်ပြီး တုံ့ပြန်လိုက်သည်။ ယခုချက်ချင်း တောင်ပိုင်းသို့ လိုက်လာရန် လီချန်းယုံအတွက် အစဉ် မပြေသေးကြောင်း လင်းမို သိလေသည်။

ထိုနေ့ညက အိမ်ရှေ့စံ နန်းဆောင်တွင် လင်းမိုရော လီချန်းယုံပါ အိပ်မပျော်ကြ။ အမှန်တိုင်း ဆိုရလျှင် သူတို့နှစ်ယောက် အတူရှိခဲ့သည်မှာ အတော်ကြာပြီ ဖြစ်သည်။ ယခုလို အကြာကြီး ဝေးရခြင်းကို နှစ်ယောက်လုံး မခံစားဖူးပေ။

လင်းမိုက နှစ်သိမ့်ဟန်ဖြင့် လီချန်းယုံကို သူ့ရင်ခွင်ထဲ ထည့်ပြီး ကျောကို ဖွဖွလေး ပုတ်ပေး နေသည်။

"အိပ်တော့ ... မင်းမနက် အစောကြီး သွားရမှာမလား"

"အင်း ... အားယုံလည်း အိပ်တော့"

မကြာမီ အိမ်ရှေ့စံ အဆောင်က မီးတို့ငြိမ်းပြီး အမှောင်အတိ ဖြစ်သွားလေသည်။ လီချန်းယုံသည် သူတွေဝေနေသည့် အမူအရာကို လင်းမို တွေ့ပါက တောင်ပိုင်းသို့ ပြန်ရန် စိတ်မဖြောင့်မှာ စိုးသောကြောင့် ထိန်းချုပ် နေရခြင်း ဖြစ်သည်။ အမှောင်အတိ ဖြစ်သွားသော အဆောင်တွင် လီချန်းယုံ၏ ပူဆွေးမှုတို့က လှိုက်တက် လာသောကြောင့် သူတစ်ညလုံး အိပ်မပျော်ချေ။

***